**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၉.၄၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**စောယွားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၁၃-၂-၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲတက်ရောက်ရန်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲတက်ရောက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီး ဇာနည်အောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တာဝန်ထမ်းဆောင်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဆေးရုံတက်ရောက်ရန်။ ဒေါက်တာမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ JPAC အစည်းအဝေးတက်ရောက်ရန်။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျော့ကဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်

အမှတ်(၆)၊ ကျန်းမာရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ JPAC အစည်းအဝေးတက်ရောက်ရန်။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၄၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။　　။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ကို ခရိုင်မြို့အဆင့်နှင့်ညီသော စကုမြို့နှင့် ပွင့်ဖြူမြို့တို့ကို မြို့အဆင့်နှင့်ညီသော အရည်အသွေးမီသည့် မြို့တွင်းလမ်း၊ ပလက်ဖောင်း၊ ရေမြောင်း၊ လမ်းမီးတိုင်များ နှင့် လမ်းမီးများ ပြည့်စုံစွာ တိုးချဲ့ပြုပြင်ခြင်းတို့ကို မည်သည့်ပုံစံဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။　　။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းက မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ကို ခရိုင်မြို့အဆင့်နှင့်ညီသော စကုမြို့နှင့် ပွင့်ဖြူမြို့တို့ကို မြို့အဆင့်နှင့်ညီသော အရည်အသွေးမီသည့် မြို့တွင်းလမ်း၊ ပလက်ဖောင်း၊ ရေမြောင်း၊ လမ်းမီးတိုင်များနှင့် လမ်းမီးများ ပြည့်စုံစွာ တိုးချဲ့ပြုပြင်ခြင်းတို့ကို မည်သည့်ပုံစံဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၊ စကုမြို့ ပွင့်ဖြူမြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းလိုတာကတော့ မင်းဘူး ခရိုင်၊ မင်းဘူးမြို့ရယ်၊ စကုမြို့ရယ်၊ ပွင့်ဖြူမြို့နယ်အစရှိတဲ့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ကမြို့(၃)မြို့နဲ့ ပတ်သက်ပြီးတော့ စည်ပင်သာယာရေးလုပ်ငန်းက ဆောင်ရွက်ပေးရမယ့်လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ မင်းဘူးမြို့၊ စကုမြို့နဲ့ ပွင့်ဖြူမြို့(၃)မြို့လုံးက မကွေး - တညောင်ကားလမ်း မြို့တွင်းကနေပြီးတော့ ဖြတ်သန်းသွားပြီးတော့ အဲဒီလမ်းကို BOT စနစ်နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်က ပြုပြင်ထိန်းသိမ်းပေးတဲ့အတွက် သင့်တင့်တဲ့ကောင်းမွန်မှုတော့ ရှိပါတယ်။

ဒါပေမဲ့ မြို့တွင်းလမ်းအများစုကတော့ အခုချိန်ထိအောင် မကောင်းတာကို တွေ့မြင်နေရပါတယ်။ ပြုပြင်သင့်သလောက် ပြုပြင်တယ်ဆိုပေမယ်လို့ အရည်အသွေးမပြည့်မီတာကြောင့် မကြာခဏ ပြန်ပြီး တော့ ပျက်စီးခဲ့ပါတယ်။ ပလက်ဖောင်း၊ ရေမြောင်းမရှိတဲ့နေရာကများပြီး လျှပ်စစ်မီးတိုင်များက ရှိပြီးတော့ လျှပ်စစ်မီးထွန်းညှိနိုင်ဖို့ မီးကြိုးမရှိတဲ့နေရာ၊ မီးကြိုးရှိပေမယ်လို့လည်း မီးသီးမဖွင့်နိုင်တဲ့ နေရာတွေ အများစုဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ မင်းဘူးခရိုင်၊ မင်းဘူးမြို့ကို ခရိုင်မြို့ အဆင့်နဲ့ညီတဲ့ စကုမြို့နဲ့ ပွင့်ဖြူမြို့ကို မြို့အဆင့်နဲ့ညီတဲ့ အရည်အသွေးမီတဲ့မြို့တွင်းလမ်း၊ ပလက် ဖောင်း၊ ရေမြောင်း၊ လမ်းမီးတိုင်နဲ့ လမ်းမီးပြည့်စုံစွာ တိုးချဲ့ပြုပြင်ခြင်းတို့ကို မည်သည့်ပုံစံနဲ့ လျင်မြန်စွာ ဆောင်ရွက်ပေးမယ်ဆိုတာလေးကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးညီထွန်း(နေပြည်တော်ကောင်စီဝင်)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီ၊ ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ၏ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ကို ခရိုင်မြို့အဆင့်နှင့်ညီသော၊ စကုမြို့နှင့် ပွင့်ဖြူမြို့ တို့ကို မြို့အဆင့်နှင့်ညီသော အရည်အသွေးမီသည့် မြို့တွင်းလမ်း၊ ပလက်ဖောင်း၊ ရေမြောင်း၊ လမ်းမီးတိုင်များနှင့် လမ်းမီးများ ပြည့်စုံစွာ တိုးချဲ့ပြင်ဆင်ခြင်းတို့ကို မည်သည့်ပုံစံဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနဲ့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာအဖွဲ့၏ ဝင်ငွေရရှိမှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေရရှိမှုများအရ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့ ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မင်းဘူးမြို့အနေဖြင့် မြို့တွင်းလမ်း(၈)လမ်းအတွက် ငွေကျပ်(၂၁၁.၉၈)သန်း၊ တံတားလုပ်ငန်း(၁)ခု အတွက် ငွေကျပ်(၁.၈၃)သန်း၊ ရေမြောင်း(၁၂၅၀)ပေအတွက် ကျပ်(၆၀.၇)သန်း၊ ရေပေးရေးလုပ်ငန်း (၁၅)ခုအတွက် ငွေကျပ်(၆၈.၄၁)သန်း၊ အဆောက်အအုံပြင်ဆင်ခြင်းအတွက် ကျပ်(၅.၀)သန်း၊ စက်ကိရိယာပြုပြင်ခြင်းအတွက် ကျပ်(၂.၀)သန်း၊ အခြားလုပ်ငန်း(၇)ခုအတွက် ငွေကျပ်(၄၉.၈၂)သန်း၊ မြို့ပြသာယာလှပရေး (၅)ခုအတွက် ငွေကျပ်(၁၂.၂၆)သန်း၊ စုစုပေါင်း ငွေကျပ်(၄၁၂.၀၀)သန်း ခွဲဝေ ချထားဆောင်ရွက်ခဲ့ပါသည်။

စကုမြို့အနေဖြင့် မြို့တွင်းလမ်း(၇)လမ်းအတွက် ငွေကျပ်(၈၀.၅၁)သန်း၊ တံတားလုပ်ငန်း (၁)ခုအတွက် ငွေကျပ်(၁.၈၃)သန်း၊ ရေမြောင်းလုပ်ငန်း (၁၄၉၀)ပေအတွက် ငွေကျပ်(၂၉.၅၀)သန်း၊

အခြားလုပ်ငန်း(၁)ခုအတွက် ငွေကျပ်(၁.၈၀)သန်း၊ မြို့ပြသာယာလှပရေးအတွက် ငွေကျပ် (၀.၇)သန်း၊ စုစုပေါင်း ငွေကျပ်(၁၁၄.၃၄)သန်းကို ခွဲဝေချထားဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ရေးဆွဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများအပြင် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါ ပါဝင်ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ မင်းဘူးမြို့ မြို့တွင်း(၇)လမ်းအတွက် ငွေကျပ်(၁၁၈.၀)သန်း၊ တံတားလုပ်ငန်း(၃)ခုအတွက် ငွေကျပ်(၇.၈၅)သန်း၊ ရေမြောင်း(၃၄၇၀)ပေအတွက် (၉၀.၀)သန်း၊ ရေပေးရေးလုပ်ငန်း(၁၁)ခုအတွက် ငွေကျပ်(၃၀.၇၅)သန်း၊ အဆောက်အအုံ(၂)ခု ပြင်ဆင်ခြင်းအတွက် (၇.၆၀)သန်း၊ စက်ကိရိယာပြုပြင်ခြင်းအတွက် (၃.၀)သန်း၊ အခြားလုပ်ငန်း(၄)ခုအတွက် ငွေကျပ်(၁၀.၃၀)သန်း၊ မြို့ပြသာယာလှပရေးအတွက် (၈၀.၂၃)သန်း၊ စုစုပေါင်း ငွေကျပ်(၃၄၇.၇၃)သန်း လျာထားဆောင်ရွက်ထားရှိပါတယ်။

စကုမြို့အနေဖြင့် မြို့တွင်း(၄)လမ်းအတွက် ငွေကျပ်(၃၉.၇၈)သန်း၊ တံတားလုပ်ငန်း(၃)ခုအတွက် ငွေကျပ်(၅.၇၂)သန်း၊ ရေမြောင်းလုပ်ငန်း(၂၀၀၀)ပေအတွက် ငွေကျပ်(၄၀.၀)သန်း၊ အခြားလုပ်ငန်း(၁)ခုအတွက် ငွေကျပ်(၂)သန်း၊ မြို့ပြသာယာလှပရေးအတွက် ငွေကျပ်(၀.၇)သန်း၊ စုစုပေါင်း ငွေကျပ်(၈၈.၂)သန်းကို လျာထားဆောင်ရွက်ထားရှိပါတယ်။

ပွင့်ဖြူမြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေရရှိသည့် ရန်ပုံငွေအပေါ်မူတည်၍ မြို့တွင်းကတ္တရာလမ်း၊ ရေမြောင်း၊ ပလက်ဖောင်းနှင့် မြို့ပြမီးထွန်းခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မြို့တွင်းလမ်းများ ဆောင်ရွက်မှုအနေဖြင့် မြို့တွင်းလမ်းပေါင်း(၂၈)လမ်း၊ အရှည် ၅ မိုင် ၃.၀၆ ဖာလုံရှိသည့်အနက် ယနေ့အထိ ကတ္တရာလမ်း(၁၈)လမ်း ၄ မိုင် ၁.၂၁ ဖာလုံ၊ ကွန်ကရစ်လမ်း ၀ မိုင် ၀.၀၅ ဖာလုံ၊ ကျောက်ချောလမ်း(၃)လမ်း ၀ မိုင် ၄.၈ ဖာလုံ၊ ဂဝံလမ်း ၆ လမ်း ၅.၀၆ ဖာလုံအား ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

လက်ရှိဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း(၂)လမ်း အရှည်(၁၅၇၀)ပေအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် ၂၀၁၉-၂၀၂၀ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ (၄)နှစ် စီမံကိန်းရေးဆွဲထားပြီး မြို့တွင်းလမ်းများအား ကတ္တရာလမ်းခင်းခြင်း၊ လမ်းတိုးချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းတို့အား ဘဏ္ဍာရေးနှစ်အလိုက် အဆိုပြုရေးဆွဲထားရှိပြီး ဖြစ်ပါသည်။ မြို့တွင်းပလက်ဖောင်းများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်းတို့တွင် ပလက်ဖောင်း(လူသွားစင်္ကြံ) အရှည်ပေ (၄၆၀၆)ပေအား ဆောင်ရွက်ထားရှိပြီး ဘဏ္ဍာရေးနှစ်အလိုက် အုတ်ရေမြောင်းတည်ဆောက်ခြင်း၊ ပလက်ဖောင်း(လူသွားစင်္ကြံ)များ ဆောင်ရွက်ခြင်းလုပ်ငန်းများအား လျာထားဆောင်ရွက်ထားလျက်ရှိပါတယ်။

မြို့တွင်းရေမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းအနေဖြင့် လက်ရှိအချိန်တွင် ဗိုလ်ချုပ်လမ်း၊ မြို့ပတ်လမ်း၊ သန့်စင်လမ်း၊ ချယ်ရီလမ်းတို့တွင် အုတ်ရေမြောင်း တည်ဆောက်ခြင်းအား (၉၃၄၀)ပေဆောင်ရွက်ထားရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မြို့တွင်း(၆)နေရာတွင် အုတ်ရေမြောင်းအရှည်

(၆၁၁၀)ပေ ဆောင်ရွက်ခွင့်ရရှိထားပြီး ဖြစ်ပါသည်။ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ (၄)နှစ် စီမံကိန်းရေးဆွဲထားရှိပြီးဖြစ်ကြောင်း တင်ပြထားရှိပါသည်။

မြို့တွင်းလမ်းများ မီးထွန်းခြင်းလုပ်ငန်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ဆောင်ခွန်အဖြစ် ကောက်ခံ၍ မြို့တွင်းလမ်းမီးတိုင်များတွင် ထွန်းညှိနိုင်ရန် လမ်းမီးသီး၊ မီးချောင်း၊ မီးကြိုးနှင့် မီတာခများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ကျခံ၍ တပ်ဆင်ခြင်းလုပ်ငန်းများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။ လမ်းမီးထွန်းရာတွင် မြို့တွင်းရှိ လမ်းမီးသွယ်တန်းထားသည့် လမ်းမီးတိုင်အားလုံးတွင် (85W)(၂)လုံး တပ်ဆင်ထားရှိပါသည်။ လမ်းမီးများနှစ်စဉ် တိုးချဲ့ခြင်းနဲ့ ဘဏ္ဍာရေးနှစ်အလိုက် မီးလင်းအား ပိုမိုကောင်းမွန်သည့် (LED) မီးလုံးများ တပ်ဆင်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များ အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ပိုမိုကောင်းမွန်သည့်ပစ္စည်းများဖြင့် အစားထိုးလဲလှယ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မင်းဘူးခရိုင်၊ မင်းဘူးမြို့ကို ခရိုင်မြို့အဆင့်နှင့်ညီသော၊ စကုမြို့နှင့် ပွင့်ဖြူမြို့ တို့ကို မြို့အဆင့်နှင့်ညီသော မြို့ဖြစ်စေရန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးလုပ်ငန်းများ အတွက် အမှန်တကယ်လိုအပ်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စည်ပင်သာယာရေးကော်မတီဝင် များပါမက ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါ ပါဝင်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုကြောင့် ပျက်စီးသွားသည့် နေအိမ်(၅)လုံး ပြန်လည်တည်ဆောက်နိုင်ရေး ကူညီထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် ပျက်စီး

သွားသည့် နေအိမ်(၅)လုံး ပြန်လည်တည်ဆောက်နိုင်ရေး ကူညီထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)** ။          ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် ပျက်စီးသွားသည့် နေအိမ်(၅)လုံး ပြန်လည်တည်ဆောက်နိုင်ရေး ကူညီထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Slide ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီပုံဟာ မြေပြိုတဲ့နေရာမှာ အရင်တုန်းက နေအိမ်(၄)လုံးရှိပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အကုန်လုံးကို မြေပြိုတဲ့ထဲ ပါသွားပြီးတော့ အခု မိသားစု(၄)စုဟာဆိုရင် နေအိမ်ငှားပြီးတော့ နေနေရပါတယ်။ သူတို့ ထောက်ပံ့ကြေးဆိုရင်လည်း ဆန်နည်းနည်းပါးပါး အဲဒီလိုမျိုးလောက်ပဲ ရရှိထားတာတွေ့ရပါတယ်။ နောက် Slide ပြပေးပါ။ ဒီမှာလည်း အဲဒီအနီးအနားမှာပဲ (၁၀)အိမ်လောက်ပဲပါတဲ့နေရာမှာ မြေပြိုတာ ဒီလိုရှိပါတယ်။ အဲဒီလိုမြေပြိုမှုကြောင့် ဒီအိမ်ရဲ့ရှေ့မှာ ဒီကျောက်တုံးကြီးတွေပေါ့နော် ပြိုကျလာတော့ အမြင့်ပေ(၁၂)ပေကျော်လောက်၊ လုံးပတ်ဆိုရင်(၄၅)ပေလောက်ရှိပါတယ်။ အဲဒီလိုမျိုးကျလာတဲ့အတွက်ကြောင့် အောက်မှာရှိတဲ့ မုဆိုးမနေအိမ်က အောက်ကိုကျသွားပြီးတော့ သူတို့ မနေရဲတော့တာ။ အရှေ့ပိုင်းပျက်စီးသွားတဲ့အတွက်ကြောင့် မနေရဲတော့တဲ့အခြေအနေဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက လာရှင်းပေးတဲ့ အနေအထားဖြစ်ပါတယ်။ နောက် သူတို့မိသားစုက မနေရဲတော့လို့ ဒီလိုပြောင်းရွှေ့လာတာတွေ့ရပါတယ်။ ဟုတ်ကဲ့ အားလုံးကျေးဇူးတင်ပါတယ်။ ဒီမိသားစု(၅)စုက ကျွန်တော့်ဆီမှာ အကြိမ်ကြိမ်လာပြီးတော့ တခြားမြို့နယ်တွေမှာရော ဒီလိုမျိုး သဘာဝဘေးကြောင့် ပျက်စီးသွားတဲ့နေအိမ်ကို ထောက်ပံ့ပေးမှုတွေရှိတယ်။ ကျွန်တော်တို့ကျတော့ ဘာဖြစ်လို့ မထောက်ပံ့ပေးတာလဲ ဆိုပြီးတော့ အကြိမ်ကြိမ်လာရောက်မေးမြန်းပါတယ်။ ကျွန်တော်ကလည်း လွှတ်တော်မှာ တင်ပြပေးမယ်လို့ ကျွန်တော် ဖြေထားပါတယ်။

အဲဒါကြောင့် ဒီနေ့ မေးမြန်းချင်တဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် ပျက်စီးသွားသည့် နေအိမ်(၅)လုံး ပြန်လည်တည်ဆောက်နိုင်ရေး ကူညီပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မြေပြိုခြင်းကြောင့် နေအိမ်(၄)လုံးပြိုကျသွားသည့် နေရာပြပုံ (၈)



မြေပြိုထားသည့် နေရာပြပုံ (၈-၁)



ပြိုကျလာသော ကျောက်တုံးကြီး၏ မြင်ကွင်းပုံ (၈-၂)



**မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ ပြည်တွင်းစစ်ဘေးဒဏ်ခံခဲ့ရသော ဘီးလင်းမြစ်တစ်ဖက်ကမ်းရှိ အမဲရောင်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရသော အရှေ့ဘက်ကမ်းဇုန်အား ဘက်စုံတိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် သီးခြားစီမံချက်ဖြင့် မြှင့်တင်ဆောင်ရွက်ပေးရန် မည်သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ က မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ ပြည်တွင်းစစ်ဘေးဒဏ်ခံခဲ့ရသော ဘီးလင်းမြစ် တစ်ဖက်ကမ်းရှိ အမဲရောင်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရသော အရှေ့ဘက်ကမ်းဇုန်အား ဘက်စုံတိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် သီးခြားစီမံချက်ဖြင့် မြှင့်တင်ဆောင်ရွက်ပေးရန် မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သီရိရတနာ ဖြစ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ ဘီးလင်းမြစ်တစ်ဖက်ကမ်းရှိ အမဲရောင်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရတဲ့ အရှေ့ဘက်ကမ်းဇုန်ကို ဘက်စုံတိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် သီးခြားစီမံချက်ဖြင့် မြှင့်တင်ဆောင်ရွက်ပေးရန် မည်သို့ စီစဉ်ဆောင်ရွက်ထားရှိသည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ ဘီးလင်းမြို့နယ်ဟာ မွန်ပြည်နယ်ရဲ့ ဒုတိယဧရိယာအကျယ်ဆုံး ဖြစ်တဲ့အပြင်ကို ပြည်တွင်းစစ်ဘေးဒဏ်ကိုလည်း အကြီးမားဆုံး ခံစားခဲ့ရတဲ့မြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ တိုက်ပွဲတွေကြားမှာပဲ တည်ရှိခဲ့ရတဲ့အတွက် မြို့နယ်တစ်ခုလုံး အထူးသဖြင့် ကရင်တိုင်းရင်းသားကျေးရွာတွေဖြစ်တဲ့ ဘီးလင်းမြစ်တစ်ဖက်ကမ်းကျေးရွာတွေဟာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စတဲ့ အခြေခံလိုအပ်ချက်တွေတောင် ပြည့်စုံခြင်းမရှိခဲ့ရတဲ့ဒေသများ ဖြစ်ပါတယ်။ မြစ်တစ်ဖက်ကမ်းမှာရှိတဲ့ ကလေးတွေဟာ အသက်နဲ့ရင်းပြီးတော့ မြစ်ကူးချောင်းခြား ပညာသင်ကြားနေရခြင်း၊ ကျန်းမာရေးအတွက် အချိန်မီ မကယ်ဆယ်နိုင်ခြင်း၊ သွားလာရခက်ခဲခြင်းစတဲ့ လူနေမှုအဆင့်အတန်း မြင့်မားစေတဲ့ကဏ္ဍတွေနဲ့ ဝေးကွာစွာ သီးခြားတည်ရှိနေခဲ့ရပါတယ်။

ဒီလိုဒေသတွေနဲ့ ကျွန်မတို့က မြို့နယ်အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ရှိသူများနဲ့လည်း တိုင်ပင်ပြီးတော့ ဘယ်လိုဆောင်ရွက်ကြမလဲလို့ အစည်းအဝေးဖြစ်ပါတယ်။ စီမံချက်တွေလည်း ရေးဆွဲထားပါတယ်။ ဒါပေမဲ့ ဒီဒေသဟာ ကဏ္ဍတစ်ခုချင်းစီကိုပဲ ဆောင်ရွက်နေမယ်ဆိုရင် သူ့အလှည့်ကျစနစ်နဲ့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဘတ်ဂျက်ကလည်း အကန့်အသတ်ရှိတယ်။ တိုးတက်ဖို့လည်း အချိန်များစွာ

ယူရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်နယ်အစိုးရမှရရှိတဲ့ ဘတ်ဂျက်တွေကလည်း အကန့်အသတ်နဲ့ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့က ဒီနောက်ကျကျန်နေတဲ့ ကျေးရွာတွေအတွက် လုပ်ဆောင်ပေးချင်တာတွေဟာ ထင်သလောက်ခရီးမပေါက်တာ တွေ့ခဲ့ရတယ်။ နောက်ပြီးတော့ ပြည်နယ်အစိုးရအပြင်ကို ပြည်ထောင်စုအစိုးရရဲ့ အကူအညီကိုပါ ရချင်တာဖြစ်ပါတယ်။ ဒီအကြောင်းအချက်တွေကြောင့်ပါ။ ပြည်နယ်အစိုးရရန်ပုံငွေနဲ့လည်း အချို့ကဏ္ဍတွေကို ကျွန်မတို့က ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

ဒါပေမယ့်လည်း ပြည့်စုံမှုမရှိသေးတဲ့အတွက် ထပ်မံတောင်းဆိုရခြင်းပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်လာအောင် စတင်တည်ဆောက်ရမယ့် ကျွန်မတို့ရဲ့ ဘီးလင်းမြစ်တစ်ဖက်ကမ်းမှ တိုင်းရင်းသားတွေအတွက် ပြည်ထောင်စုအစိုးရမှ သီးခြားစီမံချက်ဖြင့် မြှင့်တင်ဆောင်ရွက်ပေးဖို့လည်း လိုအပ်တဲ့အတွက် ဒေသခံပြည်သူများကိုယ်စား လေးစားစွာ တင်ပြတောင်းဆိုမေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ ဆောင်ရွက်ပေးမယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်မရဲ့ မဲဆန္ဒနယ်မှာ လိုအပ်နေတဲ့ အရှေ့ဘက်ကမ်းဇုန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သီးခြားစီမံချက်ရေးဆွဲပြီးတော့ မြှင့်တင်ဆောင်ရွက်ပေးနိုင်ဖို့အတွက်ကို ဘယ်လိုမျိုးစီစဉ်ဆောင်ရွက်ထားတယ်ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဦးစိုးအောင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ ချင်းပြည်နယ်၊ ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းပေါ်မှာရှိတဲ့ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် ပျက်စီးသွားတဲ့ နေအိမ်(၅)လုံး ပြန်လည်တည်ဆောက်နိုင်ရေး ကူညီထောက်ပံ့ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များကို ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများအတွက် လတ်တလောစားဝတ်နေရေး

အဆင်ပြေစေရန် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်ရိက္ခာဖိုးငွေများ၊ အိမ်ဆောက်ပစ္စည်းဖိုးငွေများ၊ သေဆုံးသူနှင့် ဒဏ်ရာရသူများ၊ ထောက်ပံ့ငွေများကို ကယ်ဆယ်ရေး စည်းမျဉ်းစည်းကမ်း၊ ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ထောက်ပံ့ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမြို့၊ တလန်လိုရပ်ကွက်၌ ၁၄ - ၇ - ၂၀၁၇ ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုကျမှုကြောင့် ပျက်စီးသွားတဲ့ နေအိမ်(၆)လုံး၊ အိမ်ထောင်စု(၆)စုမှ လူဦးရေ(၁၃)ဦးအတွက် ဆန်ရိက္ခာဖိုး ငွေများ၊ အိမ်ဆောက်ပစ္စည်းဖိုးငွေများ၊ ကယ်ဆယ်ရေးပစ္စည်း(၉)မျိုး၊ (၆)အိမ်ထောင်စာ ပစ္စည်းနဲ့ငွေသား ထောက်ပံ့မှုများကို ၁၇ - ၇ - ၂၀၁၇ ရက်နေ့က ထောက်ပံ့ပေးခဲ့ပါတယ်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားရာ၌ အန္တရာယ်ရှိသည့် လူနေအိမ် (၆)အိမ်နှင့် နေအိမ်(၄)အိမ်ဟာ ဖြိုဖျက်ခဲ့ရပြီး (၂)အိမ်ဟာ မြေပြိုတဲ့နေရာနဲ့ ကင်းလွတ်တဲ့အတွက် လူနေအိမ် ဖြိုဖျက်ရန်မလိုအပ်ဘဲ မူလနေရာ၌ ဆက်လက်နေထိုင်လျက်ရှိပါတယ်။ ဖြိုဖျက်ခဲ့ရတဲ့ နေအိမ် (၄)လုံးဟာ မူလနေရာတွင် နေအိမ်ပြန်လည်ဆောက်လုပ်ရန် မြေနေရာခိုင်ခံ့မှုမရှိတော့ပါသဖြင့် အစားထိုးအိမ်မြေကွက်များကို ဖလမ်း - ဟားခါးလမ်းပေါ်ရှိ မြို့ရှောင်လမ်းအနီးတွင် ပြန်လည်နေရာ ချထားပေးရန် ချင်းပြည်နယ်အစိုးရအဖွဲ့မှ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းလျာထားတဲ့ နေရာအား မြေပေးအမိန့်ရရှိပြီးပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တန်ဖိုးနည်းအိမ်ရာ (၄)လုံး ဆောက်လုပ်ပေးနိုင်ရန် ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ၃၀ - ၆ - ၂၀၁၈ ရက်နေ့က ဖလမ်းမြို့၊ တလန်လိုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမှာ ကျောက်တုံးပြိုကျမှုကြောင့် ဒေါ်တီလ်နော်န် ၏ နေအိမ်မျက်နှာစာ ပျက်စီးသွားကြောင်း ၆ - ၂ - ၂၀၁၉ ရက်နေ့က စုံစမ်းသိရှိရတဲ့အတွက် ၈ - ၂ - ၂၀၁၉ ရက်နေ့မှာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာနက အိမ်ထောင်စုတစ်စု၊ လူဦးရေ(၄)ဦးအတွက် ဆန်ရိက္ခာဖိုးနဲ့ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေး ပစ္စည်းများ တစ်အိမ်ထောင်စာကို ထောက်ပံ့ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါ မှတ်တမ်းဓာတ်ပုံများကတော့ ဖလမ်းမြို့နယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာရေးနှစ်အတွင်း တင်ဒါခေါ်ယူ ဆောင်ရွက်ဆဲ ငွေကျပ်(၃၅) သိန်းတန်၊ အလျား(၁၈)ပေ၊ အနံ(၂၄)ပေ၊ အမြင့်(၉)ပေခွဲရှိ ကျေးလက်အိမ်ရာ နမူနာပုံစံများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ နေအိမ်များ ပြန်လည်တည်ဆောက် နိုင်ရေး ချင်းပြည်နယ်အစိုးရအဖွဲ့မှ လျာထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြေနေရာအတည် ပြုပြီးပါက ဆောက်လုပ်တဲ့အခါမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအနေနဲ့လည်း နေအိမ်အမိုးသွပ်များကို သင့်တော်သည့်ပမာဏဖြင့် ထောက်ပံ့ပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ ရဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ ပြည်တွင်းစစ်ဘေးဒဏ်ခံခဲ့ရသော ဘီးလင်းမြစ်တစ်ဖက်ကမ်းရှိ အမဲရောင်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရတဲ့ အရှေ့ဘက်ကမ်းဇုန်ကို ဘက်စုံ

တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် သီးခြားစီမံချက်ဖြင့် မြှင့်တင်ဆောင်ရွက်ပေးရန် မည်သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော့်အနေဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၆ - ၂ - ၂၀၁၉ ရက်နေ့က မွန်ပြည်နယ်အစိုးရအဖွဲ့က ထပ်မံပေးပို့လာတဲ့ အချက်အလက်များအရ ဘီးလင်းမြို့နယ်ဟာ မွန်ပြည်နယ်၊ သထုံခရိုင်တွင်းမှာတည်ရှိပြီး မြေမျက်နှာပြင်အားဖြင့် ကမ်းခြေပိုင်း၊ မြေပြန့်ပိုင်း၊ တောင်ကုန်းတောင်တန်းပိုင်းဒေသ ဆိုပြီးတော့မှ အပိုင်း(၃)ပိုင်းရှိပါတယ်။ ကမ်းခြေပိုင်းမှာ ကျေးရွာအုပ်စု သီးခြားမရှိသော်လည်း စိုက်ပျိုးမြေလယ်ယာများနှင့် လယ်ယာကိုအမှီပြုနေသော ကျေးရွာငယ်လေးများ အနည်းငယ်သာရှိကြောင်း၊ မြေပြန့်ပိုင်းတွင် မြို့ပေါ်(၅)ရပ်ကွက်နှင့်ကျေးရွာအုပ်စုရဲ့ ထက်ဝက်ကျော်ကျော်ရှိပြီး မြောက်ပိုင်းမှာ ကျေးရွာအုပ်စုရဲ့ ထက်ဝက်နီးပါးရှိကြောင်းသိရှိရပါတယ်။ မြောက်ပိုင်းမှာ ဘီးလင်းမြစ်ရဲ့ အနောက်ဘက်ကမ်းဟာ ဘီးလင်း - ဖာပွန်ကားလမ်းရှိသဖြင့် မြစ်အနောက်ဘက်ကမ်း ကျေးရွာအုပ်စုများမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးစသည်ဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ အသင့်အတင့်ရှိသော်လည်း မြစ်အရှေ့ဘက်ကမ်းမှာ ကျေးရွာချင်းဆက် လမ်းကြမ်းများသာရှိပြီး လျှပ်စစ်မီးသွယ်တန်းမှုများလည်း မဆောင်ရွက်နိုင်သေးကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် ဘီးလင်းမြို့ရဲ့မြောက်ဘက်ပိုင်းဟာ နယ်မြေအေးချမ်းတည်ငြိမ်မှုမရှိခြင်းကြောင့် အမဲရောင်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ရကြောင်းနှင့် အထူးသဖြင့် မြောက်ဘက်ပိုင်းမှာ ဘီးလင်းအရှေ့ဘက်ကမ်းခြေဒေသက ပိုမိုနောက်ကျခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ရရှိလာတဲ့ သတင်းအချက်အလက်များအရ ဘီးလင်းမြစ်အရှေ့ဘက်ကမ်းဒေသမှာ ကျေးရွာအုပ်စု(၁၃)စု၊ ကျေးရွာပေါင်း(၈၃)ရွာ၊ အိမ်ခြေ(၆၀၁၈)အိမ်၊ အိမ်ထောင်စု(၆၂၄၉)စု၊ လူဦးရေ ကျား၊ မ စုစုပေါင်း(၃၆၀၄၀)ရှိကြောင်းနဲ့ ပညာရေးအနေနဲ့ အခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၄)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၁၀)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁၆)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၆)ကျောင်းရှိကြောင်းနဲ့ ကျန်းမာရေးအနေဖြင့် တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၁၀)ခုရှိကြောင်းသိရှိရပါတယ်။

လမ်းပန်းဆက်သွယ်ရေးအနေနဲ့ကျတော့ မြောက်ပိုင်းမှာ ဘီးလင်း-ဖာပွန်လမ်းက ခွဲထွက်တဲ့ မဲနသန် - မြစ်ကျိုးမြေသားလမ်း၊ အရှေ့ဘက်မှာ ရန်ကုန် - မော်လမြိုင်လမ်းမှ ခွဲထွက်လာသော ကျိုက်ကော် - လေးကေ ကတ္တရာလမ်း၊ တောင်ဘက်မှာ သထုံမြို့နယ်မှ ဆက်လာတဲ့ ခရိုင်ချင်းဆက် ကတ္တရာလမ်းတို့ရှိကြောင်း သိရှိရပါတယ်။ လိုအပ်ချက်အနေနဲ့ ကျန်လမ်းများမှာ ကျေးရွာချင်းဆက် မြေသားလမ်းကြမ်းများသာရှိပြီး အချို့နေရာများမှာ မိုးရာသီတောင်ကျချောင်းများကြောင့် ယာဉ်များသွားလာ၍မရသဖြင့် ခြေလျင်သွားလာရကြောင်း၊ လျှပ်စစ်မီးသွယ်တန်းမှုအနေဖြင့် မဟာဓာတ်အားလိုင်းဖြင့် သွယ်တန်းသော လျှပ်စစ်မီးမရှိဘဲ လေးကေနှင့် ဝင်းတာပန်ကျေးရွာများ၌သာ ဆိုလာဖြင့် မီးပေးထားကြောင်း၊ သောက်သုံးရေအနေဖြင့် သဘာဝစိမ့်စမ်းများမှ စုယူသွယ်တန်းခြင်းနဲ့

လက်တူးတွင်းစနစ်များဖြင့် ရရှိသုံးစွဲကြောင်းသိရသဖြင့် ကျေးရွာချင်းဆက်လမ်းတွေ၊ လျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေးတို့ လိုအပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဒီလို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မွန်ပြည်နယ်မှာ တင်ပြပါအတိုင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်းစီမံကိန်း(၃၇)ခု ဆောင်ရွက်ခဲ့ပြီး ကျပ်(၂၈၄၈.၄၃)သန်း သုံးစွဲထားကြောင်းနဲ့ ယခုဘဏ္ဍာရေးနှစ်မှာတော့ လုပ်ငန်းစီမံကိန်း(၁၁)ခုအတွက် ကျပ်(၁၀၃၉.၈၈၇) သန်းကို အဆိုပါဒေသမှာ သုံးစွဲမည်ဖြစ်ကြောင်း သိရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ၈ - ၁ - ၂၀၁၉ ရက်နေ့က ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်တဲ့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ဘီးလင်းမြို့နယ်ရှိ အမဲရောင်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရတဲ့ တောင်ပေါ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများဆိုင်ရာဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားများ၊ လျှပ်စစ်မီးဆိုင်ရာကိစ္စရပ်များ ဘက်စုံတိုးတက်လာစေရန်နှင့် လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် သက်ဆိုင်ရာဌာနများ၊ လွှတ်တော်ကိုယ်စားလှယ် များနှင့်အတူ ကွင်းဆင်းအခြေအနေကြည့်၍ လိုအပ်ချက်များကို စီမံကိန်းရေးဆွဲထားရန် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ နှင့် ညှိနှိုင်းဆွေးနွေးထားပြီးဖြစ်ပါကြောင်းနှင့် ကျွန်တော် ကိုယ်တိုင်လည်း မွန်ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော် ထံသို့ ဖုန်းဆက်ပြီး ဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ ဌာန ဆိုင်ရာများနဲ့ သေသေချာချာရေးဆွဲပြီး၊ မွန်ပြည်နယ်အစိုးရရဲ့ ဘဏ္ဍာငွေရရှိရေး၊ ပြည်ထောင်စု တင်ပြနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနအလိုက် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းထားရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့ရှိ ပိုင်ကျုံတံတားအား ကွန်ကရစ်တံတား သို့မဟုတ် ဘေလီသံကြိမ်းခင်းတံတားအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး က ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့ရှိ ပိုင်ကျုံတံတားအား ကွန်ကရစ်တံတား သို့မဟုတ် ဘေလီသံကြိမ်းခင်းတံတားအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းမိုးမိုးထွေး ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးကို မေးလိုတဲ့မေးခွန်းကတော့ ကျွန်မတို့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့မှာရှိတဲ့ ကျွန်မတို့ ပိုင်ကျုံတံတားကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အဆင့်မြှင့်တင်ပေးဖို့ အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ပိုင်ကျုံတံတားဟာ ၂၀၀၇ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့ (၁၁၈၃)ပေ ရှည်လျားပါတယ်။ ဘေလီသစ်သားကြမ်းခင်းတံတားဖြစ်တဲ့အတွက် မိုးရာသီ မိုးရွာသွန်းတဲ့အခါမှာ သစ်သားကြမ်းခင်းတွေဟာ ဆွေးမြည့်လျက်ရှိပါတယ်။ အဲဒီလိုပျက်စီးနေတဲ့ သစ်သားကြမ်းခင်းတွေ ပြင်ဆင်ဖို့အတွက် နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာငွေတောင်းခံနေတာတွေကိုလည်း တွေ့ရှိရတာ ဖြစ်ပါတယ်။ နှစ်စဉ်ပြင်ဆင်နေရတာဖြစ်ပါတယ်။ ယခင်နှစ်ကဆိုရင် အကြီးစားပြင်ဆင်မှုတွေလည်း လုပ်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ နှစ်စဉ်နှစ်တိုင်း ပြန်ပြီးတော့မှ ပျက်နေမြဲဖြစ်ပါတယ်။ ဒီတံတားဟာဆိုလို့ရှိရင် ကျွန်မတို့ ပိုင်ကျုံမြို့နယ် အနီးအနားတစ်ဝိုက်မှာရှိတဲ့ကျေးရွာတွေ အဓိကအားထားရတဲ့ တံတားဖြစ်သလို ကျွန်မတို့ လှိုင်းဘွဲ့ကနေပြီးတော့မှ ပိုင်ကျုံ - ကော့ကရိတ် - မြဝတီကိုသွားလမ်းကြောင်းမှာရှိတဲ့ အဓိကတံတားကြီးလည်း ဖြစ်နေပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်ရှင်။ ဒါကတော့ ကျွန်မတို့ ပိုင်ကျုံတံတားကြီးပဲ ဖြစ်ပါတယ်။ ပိုင်ကျုံတံတားရဲ့ အခြေအနေတွေကို တင်ပြတာဖြစ်ပါတယ်။ ဒါကတော့ အမြဲတမ်း ဒီလိုတံတားရဲ့ တစ်နေရာမဟုတ် တစ်နေရာက ပျက်စီးနေတဲ့ အခြေအနေလေးဖြစ်ပါတယ်။ ဒါ ကျွန်မတို့ ကျောင်းသား၊ ကျောင်းသူတွေနဲ့ ကျွန်မတို့ ပြည်သူတွေဟာ ဒီတံတားကို နေ့စဉ်နှင့်အမျှ ဖြတ်သန်းပြီးတော့ သွားလာနေကြရတာ ဖြစ်ပါတယ်။ ဒါကတော့ အမြဲတမ်း နှစ်စဉ်ပြန်ပြီးတော့ ပြင်နေရတဲ့အခြေအနေလေးဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ လမ်းဦးစီးကနေပြီးတော့မှ လာပြီးတော့ ပြင်ဆင်နေကြတဲ့ပုံဖြစ်ပါတယ်။ သစ်သားတွေ တော်တော်လေးကို နေရာတိုင်းမှာ ဆွေးမြည့်နေပြီဖြစ်ပါတယ်။ ဒါ နေရာတိုင်း ဒီလိုဖြစ်နေတဲ့ ကျွန်မတို့ ပြီးခဲ့တဲ့ ၃၀ - ၁၂ - ၂၀၁၈ ရက်နေ့တုန်းကလည်း တံတားအကျိုးအဆက်လေးကနေပြီးတော့ သွားပြီးတော့မှ ပြင်ဆင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ အားလုံးတွေ့မြင်ကြရတဲ့အတိုင်း ဒီ တံတားကြီးဟာ ဆိုလို့ရှိရင် တံတားအထူးအဖွဲ့ကနေပြီးတော့မှ ဒီတံတားရဲ့ကြံ့ခိုင်မှုအား အခြေအနေအရပ်ရပ်ကို သိရှိဖို့အတွက် ကွင်းဆင်းစစ်ဆေးပြီးတော့ ပြည်သူတွေ အန္တရာယ်ကင်းစွာနဲ့ လွယ်ကူစွာ သွားလာအသုံးပြုနိုင်ဖို့အတွက် သင့်လျော်တဲ့နည်းလမ်းနဲ့ အဆင့်မြှင့်တင်ပေးဖို့ လိုအပ်နေပြီဆိုတာကို မီးမောင်းထိုးပြနေပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးချင်တာက ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့မှာရှိတဲ့ ပိုင်ကျုံတံတားကို လာမယ့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ

ကွန်ကရစ်ကြမ်းခင်းတံတား ဒါမှမဟုတ် ဘေလီသံကြမ်းခင်းတံတားအဖြစ်ကို အဆင့်မြှင့်တင်ပေးဖို့ အတွက် အစီအစဉ် ရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား လေးစားစွာ မေးမြန်းလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပျက်စီးနေသည့် ပိုင်ကျုံတံတား၏ မြင်ကွင်းပုံ(တ)



ပျက်စီးနေသည့် ပိုင်ကျုံတံတား၏ မြင်ကွင်းပုံ (တ-၁)



ပျက်စီးနေသော ပိုင်ကျုံတံတားပေါ်တွင်သွားလာနေသည့် ပြည်သူများ မြင်ကွင်းပုံ (တ-၂)



**ရန်ကုန် - မန္တလေးလမ်း(လမ်းဟောင်း)တွင် နေ့စဉ်ဖြတ်သန်းသွားလာသော ယာဉ်ကြီး/ယာဉ်ငယ်၊ ဆိုင်ကယ်များ သွားလာနေမှုတွင် ယာဉ်တိုက်ခိုက်မှုများ တိုးတက်ဖြစ်ပွားလာမှုအပေါ် ထိန်းသိမ်းကြပ်မတ်နေမှုကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဆွေက ရန်ကုန် - မန္တလေးလမ်း(လမ်းဟောင်း)တွင် နေ့စဉ်ဖြတ်သန်းသွားလာသော ယာဉ်ကြီး/ယာဉ်ငယ်၊ ဆိုင်ကယ်များ သွားလာနေမှုတွင် ယာဉ်တိုက်ခိုက်မှုများ တိုးတက်ဖြစ်ပွားလာမှုအပေါ် ထိန်းသိမ်းကြပ်မတ်နေမှုကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒုတိယဗိုလ်မှူးကြီးသန့်ဆွေ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဆွေ ဖြစ်ပါတယ်။ ရန်ကုန် - မန္တလေးလမ်း (လမ်းဟောင်း)တွင် နေ့စဉ်ဖြတ်သန်းသွားလာသော ယာဉ်ကြီး/ယာဉ်ငယ်၊ ဆိုင်ကယ်များ သွားလာနေမှုတွင် ယာဉ်တိုက်ခိုက်မှုများ တိုးတက်ဖြစ်ပွားမှုအပေါ်၊ ထိန်းသိမ်းကြပ်မတ်နေမှုအပေါ် သိရှိလိုပါသဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်နှင့် မန္တလေးဆက်သွယ်ထားသော ကားလမ်းအနေဖြင့် ရန်ကုန် - မန္တလေး(လမ်းဟောင်း)နှင့် အမြန်လမ်းဟူ၍ရှိပြီး ရန်ကုန် - မန္တလေး(လမ်းဟောင်း)ဟာ ကုန်စည်စီးဆင်းမှုအတွက် အဓိကလမ်းမကြီးဖြစ်ပါတယ်။ လမ်းအရှည်မှာ (၄၂၈)မိုင်ခန့်ရှိပြီး B.O.T စနစ်ဖြင့် တင်ပြပါ ကုမ္ပဏီ(၇)ခုဖြင့် တာဝန်ယူပြင်ဆင်လျက်ရှိကြောင်း သိရှိရပါတယ်။ လမ်းမှာ ပိုမိုကျယ်ပြန့်ကောင်းမွန်လာတဲ့အတွက် ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုတွေဟာ လျော့နည်းသွားရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုတွေဟာ ပိုမိုဖြစ်ပွားလာကြောင်း တွေ့ရှိရပါတယ်။ သတ်မှတ်ယာဉ်နဲ့ ကုန်တန်ချိန်မှာ ယာဉ်အမျိုးအစားလိုက် သတ်မှတ်ထားပြီး အများဆုံးမှာ (၅၀.၅)တန် ဖြစ်ပြီး သတ်မှတ်တန်ချိန်ထက်ကျော်လွန်တဲ့ ယန္တရားကြီးများ ဖြတ်သန်းရန်ရှိပါက ဆောက်လုပ်ရေး ဝန်ကြီးဌာနရှိ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး ခွင့်ပြုချက် ရရှိမှသာ ဖြတ်သန်းအသုံးပြုနိုင်ကြောင်း သိရှိရပါတယ်။ ရန်ကုန် - မန္တလေး(လမ်းဟောင်း)ဟာ အချို့ မြို့တွင်းမှ ဖြတ်သန်းရပြီး မကြာခဏဆိုသလို ယာဉ်တိုက်ခိုက်မှုများ၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွား နေတာကို တွေ့ရှိရပါတယ်။ အဆိုပါ တိုက်ခိုက်တိမ်းမှောက်မှုကြောင့် ရန်ကုန်-မန္တလေး(လမ်းဟောင်း) ဟာ အချိန်အတိုင်းအတာတစ်ခုအထိ ပိတ်ဆို့သွားပြီး ကုန်စည်စီးဆင်းမှုဟာလည်း ရပ်တန့်သွားပါတယ်။ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုတွေဟာ ရာသီဥတုကြောင့်ဖြစ်စေ၊ လမ်းကြောင့်ဖြစ်စေ၊ ယာဉ်ကြောင့် ဖြစ်စေ၊ လူကြောင့်ဖြစ်စေ ဖြစ်ပွားလျက်ရှိပြီး လူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှု ကြောင့် ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုတွေဟာ အများဆုံးဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သတ်မှတ်ထားတဲ့ တန်ချိန်ထက် ပိုမိုသယ်ဆောင်ခြင်း၊ သတ်မှတ်အမြင့်ပေထက် ပိုမိုမြင့်မားစွာ တင်ဆောင်သွားလာနေခြင်း၊ သတ်မှတ်အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းဖောက်ဖျက် မောင်းနှင်ခြင်းတို့ကြောင့် မလိုလားအပ်သော ယာဉ်တိုက်ခိုက် တိမ်းမှောက်မှု ဖြစ်စဉ်များဖြစ်ပွားပြီး သေဆုံးဒဏ်ရာရရှိသူ များစွာရှိသည်ကို တွေ့ရှိရသည့်အတွက် အဆိုပါ လမ်းဟောင်းကို အသုံးပြုလျက်ရှိသော ပြည်သူလူထုများအနေဖြင့် နေ့စဉ်နဲ့အမျှ စိုးရိမ်ကြောင့်ကျစွာ သွားလာနေကြရပါတယ်။

ရန်ကုန် - မန္တလေး(လမ်းဟောင်း)ဟာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတို့ကို ဖြတ်သန်းသွားပြီး အဆိုပါလမ်းတွင် ဖြစ်ပွားခဲ့တဲ့ ယာဉ်တိုက်ခိုက်မှု ၊ ယာဉ်တိမ်းမှောက်မှု၊ ဒဏ်ရာရရှိမှုနဲ့ သေဆုံးမှုတွေကို တင်ပြပါအတိုင်း ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါတယ်။ တင်ပြပါအချက်များအရ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြစ်ပွားလာကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ဖြစ်ပေါ်ရတဲ့အခြေအနေကို ကြည့်ခြင်းအားဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုလျော့နည်းလာတယ်လို့ သုံးသပ် ရရှိပါတယ်။ တာဝန်ကျယာဉ်ထိန်းရဲများအနေဖြင့်လည်း အဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်း အနေဖြင့်သော်လည်းကောင်း၊ စစ်ဆေးခြင်းများ ပြုလုပ်နေသော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ညီညွတ်ခြင်းမရှိဘဲ သွားလာနေမှုကို အရေးယူအပြစ်ပေးမှုအားနည်းကြောင်း တွေ့ရှိရပါတယ်။

အထူးသဖြင့် တစ်ဦးချင်းစစ်ဆေးမှုရှိသည့်နေရာများတွင် စစ်ဆေးသည့်ယာဉ်ထိန်းရဲနှင့် စည်းကမ်းဖောက်ဖျက်သောယာဉ်မောင်းတို့မှာ လက်ဆွဲနှုတ်ဆက်သည့်အဆင့်တွင်ပင် ပြီးမြောက်နေ သည်ကိုသာတွေ့ရှိရသဖြင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများ ဖောက်ဖျက်မှုများသည် တစ်နေ့ထက် တစ်နေ့ ပိုမိုများပြားပြီး ယာဉ်တိုက်ခိုက်မှုများ များပြားလာတာကို တွေ့ရှိရပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဖောက်ဖျက်မှုများ တိုးတက်ဖြစ်ပွားနေသည့်အတွက် စစ်ဆေးစဉ် သတ်မှတ်ယာဉ် တန်ချိန်ပိုနေပါက ဆက်လက်ထွက်ခွာခွင့်မပြုဘဲ ချက်ချင်းအရေးယူဆောင်ရွက်သင့်သလို ဆိုင်ကယ် များကိုလည်း ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ နောက်ကြည့်မှန်နှင့် အချက်ပြမီးများမပါရှိခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ လမ်းလယ်၌မောင်းခြင်း၊ တစ်ဦးထက်ပို၍ တင်ဆောင်မောင်းနှင်ခြင်း

တို့ကို ချက်ချင်းအရေးယူဆောင်ရွက်ခြင်းနှင့် ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနှင့်အညီ ရေရှည်စီမံချက်ထား၍ ဆောင်ရွက်သင့်ပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန် - မန္တလေး(လမ်းဟောင်း)တွင် သွားလာနေသော ယာဉ်ကြီးနှင့်ယာဉ်ငယ်များ၊ စက်တပ်ယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုသိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ၍ ဆောင်ရွက်နေသည်မှာ ကြာမြင့်ပြီးဖြစ်၍ လိုက်နာမှုအားနည်း၍ စည်းကမ်းဖောက်ဖျက်နေမှုများကို တားဆီးမယ့်အစီအမံ သိရှိလိုပါတယ်။ လမ်းဟောင်းအပိုင်းလိုက် ရန်ကုန် - မန္တလေး(လမ်းဟောင်း)တွင် ဖြတ်သန်းနေသော ယာဉ်အမျိုးအစားများအပေါ် ယာဉ်ကြောများ သတ်မှတ်ပေးမှုနှင့် မည်ကဲ့သို့ စည်းကမ်းထိန်းသိမ်းကြပ်မတ်နေမှုများအပေါ် သိရှိလိုပါတယ်။ လမ်းဟောင်းအပိုင်း၌ သတ်မှတ်ထုတ်ပြန်ထားသော စည်းကမ်းဘောင်ကျော်လွန်၍ သွားလာနေသော ယာဉ်ကြီး/ ယာဉ်ငယ်များ၊ မော်တော်ဆိုင်ကယ်များအား ထိရောက်သော အရေးယူအပြစ်ပေးခြင်းနှင့် အပြစ်ဒဏ်ချမှတ်ခြင်း ဆောင်ရွက်နေမှုအစီအမံကိုလည်း သိရှိလိုပါတယ်။ နောက်ဆုံးအနေနဲ့ ယာဉ်တိုက်ခိုက်မှုအန္တရာယ် လျော့နည်းကျဆင်းအောင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်း သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့တွင်း မြို့မရပ်ကွက်-ပလက်ဝ-မတူပီလမ်း အစမှစတင်၍ ကင်ဝရပ်ကွက်၊ ကုလားတန်မြစ်ကူး(ပလက်ဝ)တံတားအထိ လမ်းတာချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းတို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ဘတ်ဂျက်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့တွင်း မြို့မရပ်ကွက် - ပလက်ဝ - မတူပီလမ်း အစမှစတင်၍ ကင်ဝရပ်ကွက်၊ ကုလားတန်မြစ်ကူး(ပလက်ဝ)တံတားအထိ လမ်းတာတိုးချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ဘတ်ဂျက်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့အမျိုးသားလွှတ်တော်မှာ လမ်းပိုင်းဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်သည် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်တွင် ရခိုင်

ပြည်နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ ယခု ကျွန်တော် တင်ပြထားသော ပလက်ဝ - မတူပီ ကားလမ်းသည် ချင်းပြည်နယ်ဟားခါးမြို့သို့ ဆက်သွယ်ထားသော လမ်းပိုင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပလက်ဝမြို့ရဲ့ ကတ္တရာလမ်းပျက်စီးခြင်း မိုးရာသီရဲ့ အခြေအနေဖြစ်ပါတယ်။ မိုးရာသီအခြေအနေနဲ့ ခြောက်သွေ့သော ရာသီအခြေအနေကို ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ ၈ - ၄ - ၂၀၁၅ တုန်းက ပလက်ဝ - မတူပီ ကားလမ်းကို ဖွင့်ပွဲမှတ်တမ်း ကမ္ပည်းမော်ကွန်းဖြစ်ပါတယ်။ ဒါကတော့ ပလက်ဝ - မတူပီလမ်းကြမ်းဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ ပလက်ဝမြို့ပေါ် ပလက်ဝ - မတူပီ ကားလမ်းပေါ်မှာ တည်ဆောက်လျက်ရှိတဲ့ ကုလားတန်မြစ်ကူး ပလက်ဝတံတားပုံ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဆိုပါ ပလက်ဝ - မတူပီလမ်းပိုင်းသည် မိုင်အရှည် (၁၃၅)မိုင်ရှိပြီး လွန်ခဲ့တဲ့အစိုးရလက်ထက် ၈ - ၄ - ၂၀၁၅ ရက်နေ့တွင် ချင်းပြည်နယ်ဝန်ကြီးချုပ်နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့မှ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ပလက်ဝ - မတူပီ ကားလမ်းကို တပ်မတော်အစိုးရလက်ထက်ကတည်းက ဖောက်လုပ်ခဲ့သော်လည်း ယနေ့ထိတိုင် ကားများ ကောင်းကောင်းမွန်မွန် သွားလာနိုင်ခြင်း မရှိသေးပါ။

အထူးသဖြင့် မိုးရာသီ မြေပြိုခြင်းတို့ကြောင့် ဆိုင်ကယ်များပင် ခက်ခက်ခဲခဲသွားလာခဲ့ရဆဲပင်ပါတယ်။ ပလက်ဝ-မတူပီ လမ်းအစ မြို့တွင်း မြို့မရပ်ကွက်မှ ရိက္ခာရပ်ကွက်အထိ ၆ ဖာလုံသာ ကတ္တရာလမ်းခင်းထားပြီး ၎င်းကတ္တရာလမ်းသည် ပျက်စီးလျက်ရှိပါတယ်။ ရိက္ခာရပ်ကွက်မှစတင်၍ ကင်ဝရပ်ကွက် ကုလားတန်မြစ်ကူး ပလက်ဝတံတားအထိ ကျန် ၅ မိုင် ၄ ဖာလုံမှာ မြေသားလမ်းကြမ်းသာ ဖြစ်ပါတယ်။ ရပ်ကွက်ချင်း ချိတ်ဆက်ထားသော ကားလမ်းဖြစ်သည့်အတွက် ပလက်ဝ-မတူပီလမ်းကို အဆင့်မြှင့်တင်ပေးဖို့ ပြည်သူများ အထူးလိုအပ်လျက်ရှိပါတယ်။ ကုလားတန်မြစ်ကူး (ပလက်ဝ)တံတားသည်လည်း မကြာမီ ပြီးစီးတော့မည်ဟု သိရှိရပါတယ်။ ပြည်သူများ၏ လိုအပ်ချက်ကို ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးနိုင်မည်ကိုလည်း ယုံကြည်နေပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့တွင်း မြို့မရပ်ကွက်-ပလက်ဝ-မတူပီလမ်း အစမှစတင်၍ ကင်ဝရပ်ကွက်၊ ကုလားတန်မြစ်ကူး (ပလက်ဝ)တံတားအထိ လမ်းတာချဲ့ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ဘတ်ဂျက်တွင် ဆောင်ရွက်လျာထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ပလက်ဝမြို့တွင်း ကတ္တရာလမ်း ပျက်စီးနေခြင်း မြင်ကွင်းပုံ (ထ)



ပလက်ဝ-မတူပီလမ်း ရိက္ခါရပ်ကွက်မှ ကင်ဝရပ်ကွက်အထိ မြေသားလမ်းပြီးစီးမှုမှတ်တမ်း မြင်ကွင်းပုံ (ထ-၁)



ပလက်ဝ - မတူပီလမ်းပေါ်တွင် တည်ဆောက်လျက်ရှိသော ကုလားတန်မြစ်ကူး (ပလက်ဝ) တံတား မြင်ကွင်းပုံ (ထ-၂)



**မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စွယ်ပေါက်ကုန်းကျေးရွာမှ ညောင်ဇင်ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ပြုပြင်ထိန်းသိမ်းပြီး အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့်မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စွယ်ပေါက်ကုန်းကျေးရွာမှ ညောင်ဇင်ကျေးရွာသို့ ဆက်သွယ် ထားသော ကျေးရွာချင်းဆက်လမ်းအား ပြုပြင်ထိန်းသိမ်းပြီး အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စွယ်ပေါက်ကုံးကျေးရွာမှ ညောင်ဇင်ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း ပြုပြင်ထိန်းသိမ်းပြီး အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်တဲ့မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော် ကျင်းပခဲ့တာဆိုရင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်ကျင်းပလာခဲ့တာ (၁၁)ကြိမ်မြောက် ရှိသွားပါပြီ။ ပြီးခဲ့တဲ့ ဒသမပုံမှန်အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးတို့၊ နာယကကြီးတို့ကနေ ကျွန်တော်တို့ကို လွှတ်တော်နားတဲ့အချိန် မှာလိုက်ပါတယ်။ ပြည်သူများအတွက် အမြဲတာဝန်ရှိသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေဒေသအလိုက် အခြေခံလိုအပ်ချက်များ တိုးတက်ကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်ပေးကြစေလိုကြောင်း ကျွန်တော်တို့ကို အမြဲတမ်းမှာလိုက်ပါတယ်။

အဲဒီမှာလိုက်တဲ့ စကားနဲ့အညီပဲ ကျွန်တော်တို့ လွှတ်တော်နားလို့ နယ်ပြန်ရောက်သွားတဲ့အချိန်မှာ ကျွန်တော်တို့ ကျေးရွာတွေ၊ ရပ်ကွက်တွေ နေ့စဉ်ဆင်းပါတယ်။ ဆင်းပြီးတော့ လွှတ်တော်ထဲမှာ ဘာတွေလုပ်ခဲ့တယ်၊ ဘယ်လိုအဆိုတွေ ဆွေးနွေးခဲ့တယ်။ ဘယ်လို ဥပဒေတွေပြုခဲ့တယ် ဘယ်လိုဘတ်ဂျက်တွေ ရေးဆွဲခဲ့တယ်ဆိုတာကို အမြဲတမ်းရှင်းပြပါတယ်။ ဌာနဆိုင်ရာတွေနဲ့လည်း အကုန်ပေါင်းစပ်ပြီးတော့ (၄)နှစ်စာစီမံကိန်းရေးဆွဲပါတယ်။ ကျေးလက်ဦးစီးဌာနတွေ၊ ကျေးလက်လမ်းဦးစီးဌာနတွေ၊ ကျန်းမာရေးဌာနတွေ၊ ပညာရေးဌာနတွေ၊ စွမ်းအင်ဌာနတွေ၊ စည်ပင်သာယာရေးဌာန (၄)နှစ်စာ ဘတ်ဂျက်ရေးဆွဲပြီး ညှိနှိုင်းကြပါတယ်။ အဲဒီလို ညှိနှိုင်းပြောတဲ့အချိန်မှာလည်း ဘာဖြစ်လာသလဲဆိုတော့ ဒီနေ့ ကျွန်တော်တို့ သွားတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ မဲဆန္ဒရှင်တွေက ဘယ်လောက်အထိ အဆင့်မြင့်လာပြီလဲဆိုရင် ကျွန်တော်တို့ကို တောင်းတဲ့၊ ခိုင်းတဲ့အဆင့် ဖြစ်လာပါတယ်။ တောင်းတာမဟုတ်တော့ဘူး။ ကျွန်တော်တို့ ဘယ်လမ်းတော့ ပျက်နေပါတယ်။ ဘယ်ရေကန်တော့ ရေခန်းနေပါတယ်။

ဒီအဆင့်တွေ ပြောလာတော့ တိုးတက်လာတယ်လို့ပဲ လွှတ်တော်ကိုယ်စားလှယ်ကို ခိုင်းတတ်လာပါတယ်။ အဲဒီ သူတို့ ခိုင်းတာကိုလည်း ကျွန်တော်တို့က လွှတ်တော်ထဲ ရောက်တဲ့အချိန်မှာလည်း ဝန်ကြီးဌာနကို ပြန်မေးရပါတယ်။ အဲဒီလို မေးရတဲ့အချိန်မှာ စောစောက ကျွန်တော်ပြောခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ သွားတဲ့အချိန်မှာ (၄)နှစ်စီမံကိန်း ရေးဆွဲခဲ့ပေမယ်လို့ ကျွန်တော်တို့မှာ တချို့ကျတော့ လိုအပ်ချက်တွေ တကယ်အရေးကြီးလာတဲ့အခါကျတော့ ---------------

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး မေးခွန်းပဲ မေးပါ။ မေးခွန်းနဲ့ မဆိုင်ဘူးဖြစ်နေတယ်။

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လိုအပ်ချက်တွေ ဖြစ်လာတဲ့ အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အဲဒီမေးခွန်းကတော့ စွယ်ပေါက်ကျေးရွာကနေ ညောင်ဇင်ကျေးရွာထိ မြေသားလမ်း ၈ မိုင် ၆ ဖာလုံ ရှိပါတယ်။ ၈ မိုင် ၆ ဖာလုံမှာ လမ်းက ပေ(၄၀ x ၆၀) ဖောက်ပြီးသားပါ။ အဲဒါက ၂၀၁၃ - ၂၀၁၄ ခုနှစ်မှာ ဖောက်ခဲ့ပါတယ်။ ၂၀၁၃ - ၂၀၁၄ ခုနှစ်မှာ ဖောက်တဲ့လမ်းဟာ မြေသားလမ်းဖြစ်ပါတယ်။ ကျေးလက်လမ်းဦးစီးဌာနက ဖောက်ခဲ့ပါတယ်။ အဲဒီလို ဖောက်လိုက်တာက ဒီနေ့ကျတော့ မြေသားလမ်းက ရေတိုက်စားတာတို့၊ လမ်းအသုံးပြုတာများလာတဲ့ အတွက် ဒီလမ်းကြီးက ပျက်စီးသလိုဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် မဲဆန္ဒရှင်တွေရဲ့ ကိုယ်စား စွယ်ပေါက်နဲ့ ညောင်ဇင် ၈ မိုင် ၆ ဖာလုံရှိတဲ့ လမ်းကြီးကို ကျေးလက်လမ်းဦးစီးဌာနအနေနဲ့ ကျွန်တော်တို့ အဆင့်မြှင့်တင်ပြီးတော့ လမ်းကိုပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ လွှတ်တော်ရဲ့ ပထမ(၁)နာရီဟာ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အခု ကျွန်တော်တို့ မေးခွန်း(၄)ခု မေးမြန်း ပြီးသွားပါပြီ။ မေးခွန်း(၄)ခုကို ဖြေကြားမယ်ဆိုရင် (၁)နာရီကျော်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်ပြီးတော့ (၁)နာရီကျော် ဆက်လက်ဆောင်ရွက်ဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆက်လက်ဆောင်ရွက် ပါမယ်။

မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၅။**

**ဦးဟန်ဇော်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး မေးမြန်းထားတဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့ရှိ ပိုင်ကျုံတံတားအား ကွန်ကရစ်တံတား သို့မဟုတ် ဘေလီသံကြိမ်းခင်းတံတားအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းဖြစ်တဲ့ ပိုင်ကျုံ-ထန်းတပင်လမ်း မိုင်တိုင်အမှတ် (၀/၂)မှာရှိတဲ့ ပိုင်ကျုံတံတား တည်ရှိပြီးတော့ အဆိုပါတံတားရဲ့ အရှည်ကတော့ (၁၁၈၃)ပေ (၆)လက်မနှင့် တံတားအကျယ်ကတော့ (၁၂)ပေ(၄)လက်မ ရှိပါတယ်။ တစ်နေ့တာ သွားလာတဲ့ ယာဉ်စီးရေ (AADT)မှာ (၅၀)စီးဖြစ်ပြီးတော့ တံတား၏ခံနိုင်ဝန်မှာ (၁၃)တန်ဖြစ်ပါတယ်။ တံတားအမျိုးအစားကတော့ ဘေလီသံဘောင်နဲ့ သစ်သားကြမ်းခင်း အပေါ်ထည်ဖြစ်ပြီးတော့ သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် အုတ်မြစ်ကတော့ (၀.၈)မီတာရှိတဲ့ Bored Pile Foundation နဲ့ Cassion Foundation အမျိုးအစား ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုင်ကျုံတံတားကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ပြီးတော့ မူလသစ်သားကြမ်းခင်းနေရာမှာ သံမဏိကြမ်းခင်း Steel Decking ပြောင်းလဲဆောင်ရွက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှာ လျာထားတင်ပြတောင်းခံသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိလို့ရှိရင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဆွေ မေးမြန်းထားတဲ့ ရန်ကုန်- မန္တလေးလမ်း (လမ်းဟောင်း)မှာ နေ့စဉ် ဖြတ်သန်းသွားလာသော ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ်များ သွားလာနေမှုတွင် ယာဉ်တိုက်ခိုက်မှုများ တိုးတက်ဖြစ်ပွားလာမှုအပေါ် ထိန်းသိမ်းကြပ်မတ်နေမှုကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ပြည်ထဲရေးဝန်ကြီးဌာနမှပေးပို့တဲ့ အချက်အလက်များနှင့် ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန် - မန္တလေးလမ်း (လမ်းဟောင်း)ပေါ်မှာ ကိုယ်စားလှယ်ကြီး သိရှိလိုတဲ့ ပထမအချက်ဖြစ်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်နေမှုများကို တားဆီးမယ့် အစီအမံများနဲ့ပတ်သက်ပြီး ဆောင်ရွက်ရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လမ်းတစ်လျှောက်မှာရှိတဲ့ မြို့နယ်များက အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စည်းကမ်း ထိန်းသိမ်းရေး စတဲ့ အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားတဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလှုပ်ရှားမှုနဲ့ လက်ကမ်းစာစောင်များကို ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ လမ်းအပိုင်းအလိုက် ဖြတ်သန်းသွားလာနေတဲ့ ယာဉ်များအပေါ် မည်ကဲ့သို့ ထိန်းသိမ်းကြပ်မတ်နေမှုအပေါ် သိရှိလိုခြင်းနဲ့ ပတ်သက်၍ ဆောင်ရွက်ရာမှာ ၎င်းလမ်းပေါ်မှာ B.O.T ကုမ္ပဏီ(၇)ခုဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး လမ်းအပိုင်းအလိုက် တာဝန်ယူထားကြတဲ့ ဂိတ်တိုင်းမှာ တန်ပိုစိစစ်ပြီး သတ်မှတ်တန်ချိန်အတိုင်း ဖြတ်သန်းခွင့်ပြုလျက်ရှိပါတယ်။

တတိယအချက်ဖြစ်တဲ့ ယာဉ်လမ်းအပိုင်းမှာရှိတဲ့ သတ်မှတ်ထုတ်ပြန်ထားတဲ့ စည်းကမ်းဘောင်ကျော်လွန် ပြီး သွားလာနေတဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်များပေါ်မှာ ထိရောက်တဲ့ ပြစ်ဒဏ်ဆောင်ရွက်နေမှု အစီအမံအပေါ် သိရှိလိုခြင်းနဲ့ ပတ်သက်၍ စည်းကမ်းဘောင်ကျော်လွန်၍ သွားလာနေသော ယာဉ်များအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းမကြီးများ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိတဲ့အပြင် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး အရှိန်နှုန်းတိုင်းကိရိယာနဲ့ တိုင်းတာစစ်ဆေးခြင်း၊ ယာဉ်မောင်းသူများ အရက်သေစာသောက်စား၍ မောင်းနှင်မှု မရှိစေရေးအတွက် Alcohol Taster ဖြင့် တိုင်းတာစစ်ဆေးခြင်း၊ ထိုင်ခုံခါးပတ်များ တပ်ဆင်မှု ရှိ/မရှိ စစ်ဆေးခြင်းနဲ့ သတ်မှတ်လိုင်စင်နဲ့ မောင်းနှင်ခြင်း ရှိ/မရှိတို့ကိုလည်းစစ်ဆေးပြီး အရေးယူမှုများ ပြုလုပ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအချက်ဖြစ်တဲ့ ယာဉ်တိုက်မှု အန္တရာယ်လျော့ပါးကျဆင်းအောင် ဆက်လက်ဆောင်ရွက်မယ့် အစီအမံများကို သိရှိလိုခြင်းအချက်နဲ့ ပတ်သက်ပြီး ယာဉ်တိုက်ခိုက်မှုအန္တရာယ် လျော့နည်းကျဆင်းစေရေးအတွက် လိုအပ်တဲ့ နေရာများမှာ သတိပေးမီးဝါများ တပ်ဆင်ခြင်း၊ အသိပေး၊ သတိပေး ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ ကျဉ်းမြောင်း၍ အန္တရာယ်ရှိသောနေရာများနှင့် လမ်းကွေ့နေရာများအတွင်း ယာဉ်အရှိန်ကို လျော့၍မောင်းစေရန် Rumble Strip များ ရေးဆွဲထားရှိခြင်း၊ ညအချိန်မှာ ကားမီးဖြင့်မြင်နိုင်သော Thermo Plastic Road Lane Marking များ ရေးဆွဲခြင်း၊ မြို့တွင်းကျောင်းများအနီး လိုအပ်တဲ့နေရာများမှာ လူကူးမျဉ်းကျားများ ရေးဆွဲခြင်း၊ လမ်းညွှန်ဆိုင်းဘုတ် (Road Sign)များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အန္တရာယ်ရှိတဲ့ လမ်းကွေ့များရဲ့ Horizontal Curve နဲ့ Vertical Curve များရဲ့ Geometric Design များအားလည်း စစ်ဆေးခြင်း၊ လမ်းတစ်လျှောက် Road Sign များရဲ့ အရောင်၊ နေရာချထားမှု၊ တပ်ဆင်ထားမှုများ၊ Pavement marking များ၊ Barrier တပ်ဆင်ထားမှုများ၊ Clear Zone များ၊ အန္တရာယ်ရှိတဲ့ ဓာတ်တိုင်၊ သစ်ပင်၊ လမ်းဘေးအဆောက်အအုံများ၊ ကြော်ငြာဆိုင်းဘုတ်များ စတဲ့ Safety Audit ဆိုင်ရာ အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးခြင်း၊ ယာဉ်တိုက်ခိုက်မှု အများဆုံးဖြစ်နိုင်တဲ့ Black Spots နေရာများအား သွားရောက်စစ်ဆေးပြီး ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျှော့ချနိုင်ရေးအတွက် ညွှန်ကြားခြင်းများ ပြုလုပ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းညွှန်ကြားချက်များအား ၎င်းလမ်းပိုင်းနှင့် သက်ဆိုင်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ခရိုင်၊ မြို့နယ်များရဲ့ ကြီးကြပ်မှုနှင့် B.O.T ကုမ္ပဏီများမှ ဆက်လက်တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ယာဉ်အန္တရာယ်ကြောင့် နှစ်စဉ်လူသေဆုံးမှုကို (၅၀)ရာခိုင်နှုန်းလျော့ချနိုင်ရေးအတွက် ဒုတိယသမ္မတ(၂)မှ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင်(၂၂)ဦးနဲ့ ဖွဲ့စည်းထားရှိတဲ့ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ National Road Safety Council (NRSC)ကို ဖွဲ့စည်းပြီး အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးစီမံချက်ကို ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထဲရေးဝန်ကြီး ဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့တွင်း မြို့မရပ်ကွက် - ပလက်ဝ - မတူပီလမ်း အစမှစတင်၍ ကင်ဝရပ်ကွက်၊ ကုလားတန်မြစ်ကူး (ပလက်ဝ)တံတားအထိ လမ်းတာချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းတို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ(၆)လဘတ်ဂျက်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့တဲ့အချက်အလက်များနှင့် ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့တွင်း မြို့မရပ်ကွက် - ပလက်ဝ - မတူပီလမ်း အစမှစတင်၍ ကင်ဝရပ်ကွက်၊ ကုလားတန်မြစ်ကူး(ပလက်ဝ)တံတားအပိုင်းမှာ ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ မတူပီ - ပလက်ဝလမ်းပိုင်းမှာ ပါဝင်တဲ့လမ်းဖြစ်ပါတယ်။ ကုလားတန်မြစ်ကူး (ပလက်ဝ)တံတားမှာ မတူပီ - ပလက်ဝလမ်း မိုင်တိုင် (၁၂၉/၃)မိုင်တွင် တည်ရှိပြီး ပလက်ဝမြို့ကတော့ မတူပီ - ပလက်ဝလမ်း မိုင်တိုင်အမှတ်(၁၃၅)မိုင်တွင် တည်ရှိပါတယ်။ အဆိုပါလမ်းမိုင်အရှည် ၅ မိုင် ၅ ဖာလုံရှိပြီး ၃၀ - ၉ - ၂၀၁၈ ရက်နေ့ရှိ လမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၆ ဖာလုံ၊ အမာခံလမ်း ၄ မိုင်၊ မြေသားလမ်း ၇ ဖာလုံဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၆ ဖာလုံကတော့ ပျက်စီးနေပြီဖြစ်ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်နယ်ရန်ပုံငွေကျပ်(၁၀၁.၅)သန်းနှင့် ကတ္တရာလမ်းခင်းခြင်း ၂ ဖာလုံနှင့် သံကူကွန်ကရစ် ရေထုတ်ပြွန်တည်ဆောက်ခြင်း (၅)စင်းတို့ကို ဆောင်ရွက်မှာဖြစ်တဲ့အတွက် ၃၀ - ၉ - ၂၀၁၉ ရက်နေ့မှာ ဖြစ်ပေါ်လာမယ့် လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၂ ဖာလုံ၊ ကွန်ကရစ်လမ်း ၆ ဖာလုံ၊ အမာခံလမ်း ၃ မိုင် ၆ ဖာလုံနှင့် မြေလမ်း ၇ ဖာလုံ ရှိမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတောင်းဆိုထားသောလမ်းပိုင်းဖြစ်တဲ့ ကတ္တရာလမ်းနှင့် ပျက်စီးနေသော ကွန်ကရစ်လမ်းအပါအဝင် ၅ မိုင် ၅ ဖာလုံ ရှိတဲ့လမ်းပိုင်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာ ကွန်ကရစ်လမ်းခင်းခြင်းနှင့် (၃၄)ပေအကျယ် လမ်းတာချဲ့ခြင်း၊ လမ်းအနိမ့်အမြင့် ဖြေညှိခြင်း ၃ မိုင်ဆောင်ရွက်ပေးနိုင်ရန်အတွက် လျာထားရန်ပုံငွေ ကျပ်(၄၂၁၀.၀)သန်း တင်ပြတောင်းခံထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စွယ်ပေါက်ကုံးကျေးရွာမှ ညောင်ဇင်ကျေးရွာကို ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းအား ပြုပြင်ထိန်းသိမ်းပြီး အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စွယ်ပေါက်ကုံးကျေးရွာမှ ညောင်ဇင်ကျေးရွာသို့ ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်း ၈ မိုင် ၆ ဖာလုံမှာ စွယ်ပေါက်ကုံး - မြေနီလိန်လမ်း ၆ မိုင်မှာ

ကျေးလက်လမ်းစာရင်းတွင်ပါဝင်ပြီး မြေနီလိန် - ညောင်ဇင်လမ်း ၂ မိုင် ၆ ဖာလုံမှာ ကျေးလက်လမ်း စာရင်းတွင် ပါဝင်ခြင်းမရှိသေးသောလမ်း ဖြစ်ပါတယ်။ စွယ်ပေါက္ကံ - မြေနီလိန်လမ်းမှာ မြေသားလမ်း ဖြစ်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း ၆ မိုင်နှင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေး နှစ်မှာ Box - Culvert (၁)စင်းနှင့် ရေကျော်(၁)စင်း တို့ကိုဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေမှာ ထည့်သွင်းလျာထားသွားမှာဖြစ်ပါတယ်။ မြေနီလိန် - ညောင်ဇင်လမ်း ၂ မိုင် ၆ ဖာလုံကို လမ်းအသစ် ဖောက်လုပ်ရမယ့်စာရင်းမှာ ထည့်သွင်းပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စွယ်ပေါက္ကံကျေးရွာမှ ညောင်ဇင်ကျေးရွာသို့ ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းဟာ ပြည်ထောင်စုရန်ပုံငွေနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတို့မှာ ဘဏ္ဍာရေးနှစ်အလိုက်၊ အပိုင်းအလိုက် ထည့်သွင်းလျာထားပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၂၃ - ၈ - ၂၀၁၈ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၁၇ - ၉ - ၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည် ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နယ်နိမိတ်တိုင်းတာ ပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈ - ၂ -၂၀၁၉ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက် မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်**ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့ကို ၁၁း၀၈ နာရီ အချိန်တွင် ရပ်နားပါသည်။]